# ကမ္ဘာ့အဆင့်သင်္ချာပြိုင်ပွဲ မြန်မာကျောင်းသားရစ်ဦး ရွှေတံဆိပ်ဆုရ

သတင်းရင်းမြစ် >
အင်္ဂါနေ့၊ ဇူလိုင်လ ၂၃ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၅၁ မိနစ်

အမေရိကန်နိုင်ငံအခြေစိုက် SASMO Association မှ ကြီးမှူးကျင်းပသော ကမ္ဘာ့အဆင့် သင်္ချာပြိုင်ပွဲတွင် မြန်မာ ကျောင်းသား ရစ်ဦး ရွှေတံဆိပ်ဆုရရှိခဲ့သည်ဟု ယင်းအစီအစဉ်ကို မြန်မာနိုင်ငံမှ ပူးပေါင်းကျင်းပသော T&H သင်္ချာသင်တန်းကျောင်းမှ သိရသည်။

ယင်းအစီအစဉ်ကို မြန်မာနိုင်ငံတွင် SASMO Association နှင့် T&H သင်္ချာသင်တန်းကျောင်းတို့ ပူးပေါင်း
ကျင်းပခြင်း
ဖြစ်ပြီး စာမေးပွဲကို ဧပြီ ၂၃ ရက်တွင် ကျင်းပခြင်းဖြစ်ကာ နိုင်ငံအချို့ရှိ ကျောင်းသားများ ပါဝင် ယှဉ်ပြိုင်သည်။
ပါဝင်ရာ
တွင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိ လစ်ပိုင်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံ
တို့မှ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်ရစ်ဆု၊ ငွေတံဆိပ် ၁၂ ဆုနှင့် ကြေးတံဆိပ် ၁၂ဆု ရရှိခဲ့သည်။ ဆု ရရှိသော ကျောင်းသားများကို ဇူလိုင်၂၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ဆုချီးမြှင့်ခဲ့သည်။

အဆိုပါ သင်္ချာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား ၁၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲမေးခွန်းအား စင်ကာပူရုံးခွဲမှပေးပို့ပြီး ဒုတိယတန်းမှနဝမတန်းအထိ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သော ကမ္ဘာ့အဆင့် ပြိုင်ပွဲဖြစ်သည်ဟု T&H သင်္ချာသင်တန်းကျောင်းမှ အထွေထွေမန်နေဂျာ ဒေါက်တာသက်ဇော်မှ မဇ္ဈိမသို့ ပြောသည်။

သင်္ချာပညာရပ်နှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ Collage of the Redwo- ods တွင် သင်္ချာဘာသာရပ် သင်ကြားပေးသော ဆရာမဒေါ်သဲသဲကျော်ကလည်း “သင်္ချာပညာရပ်ကို တ ချို့ကျောင်းသားတွေက ဒီပညာရပ်က တကယ့် လူမှုဘဝမှာ အသုံးဝင်မှာလားပေါ့။ တကယ်က အသုံးဝင် ပါတယ်။ ဒီသင်္ချာပညာရပ် အခြေခံကနေ လူမှုပြဿနာတွေကို ဖြေရှင်းပေးနိုင်မှာပါ” ဟု ပြောသည်။

ရွှေတံဆိပ်ဆုရရှိသော ကျောင်းသားများသည် ထိုင်ဝမ်နိုင်ငံတွင် ကျင်းပမည့် အာရှနိုင်ငံများမှ ရွှေတံဆိပ် ဆုရရှိသော ကျောင်းသားများ နီးနှောဖလှယ်ပွဲသို့လည်း တက်ရောက်ရမည်ဖြစ်ပြီး ယင်းပွဲကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတွင်လည်း သင်္ချာဘာသာရပ်နှင့် ပတ်သက်ပြီး ထပ်မံ ယှဉ်ပြိုင်ရ မည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့အဆင့် သင်္ချာပြိုင်ပွဲသို့ တစ်နှစ်လျှင် နိုင်ငံတကာမှကျောင်းသားများ နှစ်သိန်းခန့် ဝင်ရောက် ယှဉ်ပြိုင်ကြ
ပြီး မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် SMSM0 Association မှ ခွင့်ပြုချက်ရရန်အတွက် တစ်နှစ်ခွဲခန့် ကြိုးစားခဲ့ရသည်ဟု
လည်း ဒေါက်တာသက်ဇော်က ပြောသည်။